ဝေဒင်္ဂ၏ဂုဏ်ပြုစာစဉ်

# တစ်သက်တာဟောစာတမ်း



## ကြာသပတေး သားသမီးများအတွက်

အတတ်ဟော ပုဏ္ဏားနက္ခတ် ဗေဒင်ဆရာကြီး

**ဦးရာမ**

ဒုတိယအကြိမ်

# ကြာသပတေးသားသမီးများ အတွက်
# တစ်သက်တာ ဟောစာတမ်း

အကယ်၍ သင်သည် ကြာသပတေးနေ့တွင် မွေးဖွားသောသူ ဖြစ်ပါလျှင် သင့်ဘဝ၏ ကောင်းကျိုးဆိုးကျိုးများ သည် အောက်ပါအတိုင်း ဖြစ်ပျက်ကြုံတွေ့ ရပါလိမ့်မည်။

ဤကြာသပတေးနေ့တွင် မွေးဖွားသန့်စင်သော သတို့ သားဖြစ်စေ ၊ သတို့ သမီးဖြစ်စေ လူတိုင်းသည် စိတ်ရင်းစေတနာကောင်း၍ ရိုးသားပွင့်လင်းကူညီ သောစိတ် ရှိသည် ။ လူတိုင်းကို ခင်မင်တတ်မည်။ တစ်စုံတစ်ယောက်က အကူအညီတောင်းခဲ့လျှင် အထူးကူညီတတ်မည်။ လူတိုင်း နှင့် စည်းစည်း လုံးလုံး ၊ ညီညီညွတ်ညွတ်နေလိုစိတ်ရှိမည်။ မိသားစုနှင့် ဆွေမျိုးသားချင်းများ အပေါ်အထူး သံယောဇဉ် ရှိမည်။ လူများ စု၏ခင်မင်မှု ၊ အထင်ကြီးမှု ၊ လေးစား ယုံကြည်မှု အပြည့်အဝခံစားရမည်။ လူထု၏ ပွဲတောင်းမှု လူထု၏ လက်ခံမှုကို အပြည့်အဝ ခံစားရမည်။

စိတ်သဘောကောင်းမည် ၊ စေတနာကောင်း ပျော်ရွှင်တတ်မည်။ တည်တည် ကြည်ကြည် နေတတ်မည်။ ပျော်သလိုနေတတ်သလို ၊ တော်သလိုနေတတ်မည်။ ဖြစ်လေရာဘဝ၌ သင့်တော်သလို နေတတ်ပါမည်။ ရောက်ရာ၌ စိတ်ချမ်းသာမည်။ ဒုက္ခကို သုခထင်သူဖြစ်သည် ။ အနိဋ္ဌာရုံကို ဣဋ္ဌာရုံဟူ၍ ထင်တတ်မည်။ ငရဲပန်းကို ရွှေပန်းထင်တတ်မည်။ လူတိုင်းကို စိတ်ထဲက ခင်မင်တတ်မည်။ အပြင်ပန်း၌ ခပ်တည်တည် နေ

တတ်မည်။ တည်ကြည်၍ သုန်မှုန်သော မျက်နှာမှာ လူတိုင်းကြောက်စေ ၊ လေးစားစေမည့်မျက်နှာဖြစ်ပါသည် ။ လူတစ်ဖက်သားကို စိတ်ရောကို ယ်ပါ ကူညီတတ်မည်။ အူလိုက် သဲလိုက် ကူညီတတ်မည်။ သို့သော်လ ည်း မိမိ၏ တည်တံ့သော ပုံပန်းသဏ္ဍာန်ကြောင့် တော်ရုံလူကအကူအ ညီ မတောင်းတတ်ပါ။

မသိသူများက မာနကြီးသည် ၊ ရှိုးကြီးသည် ၊ ဟန်ကြီးသည် ၊ ကြီးကျ ယ်သည် ဟူ၍ ထင်မြင်ကြမည်။ အတွင်းကျကျ ပေါင်းသင်းဆက်ဆံ မိကြမှ စိတ်သဘောကောင်းမှု ၊ စေတနာ ကောင်းမှု ၊ လိုက်လျောမှု ၊ ကူ ညီမှု ၊ အနစ်နာ အနွံတာခံမှုများကို သိကြပါမည်။ မိမိကလည်း တော်ရုံ လူနှင့် ပေါင်းသင်း ဆက်ဆံမှု မပြုနိုင်ပါ။ စည်းစနစ်ကြီးသည် ၊ လူတိုင်း ကို ခင်မင်တတ်သော်လည်း ပေါင်းသင်းဆက်ဆံထိုက်သောသူနှင့်သာ ပေါင်းမည် ၊ ဆက်ဆံသူများမှာ မိမိအတွက် လက်ရွေးစင်ဖြစ်မည်။ မိမိ အပေါ် အထူးအနစ်နာခံမည်။ မိမိအကျိုးတရား တိုးတက်ပါမည်။ မိမိကို ထောက်ပံ့မည် ၊ ကူညီမည် ၊ မစမည်။ စေတနာ ထားမည်။ မိမိ၏ ဩဇာ ကို အပြည့်အဝ ခံပါမည်။

စိတ်ထက်မြက်မည် ၊ မဟုတ်တာကို မိမိကလည်း မကြိုက်သလို ၊ မိ မိကလည်း မတရားမလုပ်တတ်ပါ။ ပွင့်လင်းမည်။ ပြတ်သားမည်။ ပြော စရာ ဆိုစရာ ရှိလျှင် လူတစ်ဖက်သားကို အားမနာတမ်းပြောဆိုမည်။ ဖြောင့်ပြောလွန်းသောကြောင့် မိမိကို လူများ စုက သဘောကျပြီး အမြင် ကပ်ပါမည်။ မိမိကလည်း အားမနာတတ်ပါ။ အလွန်ပြတ်သားမည်။ အ လုပ်၌ သော်လည်းကောင်း ၊ အပြောအဆို သော်လည်းကောင်း ၊ ပွင့်လင်း၍ ပြတ်သားတတ် ပါမည်။ ထိုသို့ပြတ်သားတတ်သောကြောင့် မိ မိလုပ်ငန်းမှာ အနည်းနှင့်အများ အကျိုးရှိပါမည်။ လုပ်သမျှ၌ ပင်ပန်းရ ကျိုး အပြည့်အဝခံစားရပါမည်။ ကလေးဆန်သည် ။ ပွင့်လင်း၍

သန့်ရှင်းစင်ကြယ်သော စိတ်ထားမျိုး ရှိသည် ။

မိမိကသာ သဘောကျမည်ဆိုလျှင် ရွှေဘုံပေါ်တင်တတ်သလို ၊ မိမိက အမြင်ကပ်လျှင် ချောက်ထဲတွန်းချတတ်သော ဝါသနာရှိမည်။ မိမိကောင်းလျှင် ရေမြေ့ဖြစ်ပြီး ၊ မိမိကဆိုးလျှင် မြွေဟောက်ဖြစ်မည်။ စိတ်ရင်းသဘောထားကို မည်သူကမှ မသိနိုင်ပါ။ အရာရာကို လျှို့ဝှက်စွာပြောဆိုလုပ်ကိုင်တတ်မည်။ ထိန်ဝှက်လွန်းသောကြောင့် မကြာခဏ လူများ စု၏ အထင်အမြင် လွဲခြင်းခံရပါမည်။ အထင်သေးခြင်းခံရမည်။ မိမိ၏ အကြောင်းကိုသော်လည်းကောင်း ၊ သူများ အကြောင်းကိုသော်လည်းကောင်း ၊ အလွန်လျှို့ဝှက်တတ်မည်။ အလုပ်တစ်ခုကိုစိတ်ရှည်သည် ၊ မဖြစ်မနေ လုပ်တတ်မည်။ အလုပ်တစ်ခုကို အကျိုးရှိအောင် လုပ်တတ်မည်။ အကျိုးရှိမှ လည်း လုပ်တတ်ပါမည်။ မိမိကသာ ခင်မင်လျှင် အလွန်ခင်မင်မည် ၊ အလွန်ရင်းနှီးစွာ ဆက်ဆံတတ်မည်။

မိမိ၏ ပြဿနာများကို အမြဲတမ်းတင်ပြ၍ အကူအညီတောင်းတတ်မည်။ မိမိ၏ အတွင်းရေး ၊ မိမိ၏ ဒုက္ခများကို ပြောတတ်ပါမည်။ လုပ်ကိုင်စရာများကိုမူ မည်သူ့ကိုမှ မပြောတတ်ပါ။ အလုပ်အကိုင်နှင့်ပတ်သက်၍ အလွန်လျှို့ဝှက်တတ်မည်။ ခင်မင်စရာ အလွန် ကောင်းပါသည် ။ စိတ်သဘောထားမှာ နူးညံ့ပါသည် ၊ ဖော်ရွေပါသည် ၊ လူတိုင်းနှင့် မိမိ သွေးရင်းသားရင်းလို ပေါင်းသင်းဆက်ဆံတတ်မည်။ မိမိစိတ်မှာ လက်ရှိဘဝထက် ပို၍ တိုးတက်အောင် ကြံစည်တတ်မည်။ သို့သော် မိမိကို မသိသူများက ပျင်းသည် ၊ ပေ့သည် ၊ ရိုးအသည် ၊ မကြိုးစားဟူ၍ ထင်ကြပါမည်။ အမှန်မှာ မဟုတ်ပါ ၊ အလွန်ကြိုးစားပါသည် ။ အလုပ်ကို အပင်ပန်းခံ၍ လုပ်ပါသည် ။

ပုံပန်းသဏ္ဍာန်က အေးတိအေးစက်သဘောမျိုးဖြစ်၍ လူများ စုက

ထင်နေခြင်း ဖြစ်သည် ။ မိမိကံကြမ္မာမှာ လည်း အနည်းငယ် ကံဆိုးပါသည် ။ မည်မျှ ကြိုးစားလုပ်သော်လည်း ၊ မည်မျှ မျက်နှာလိုမျက်နှာရလုပ်သော်လည်း ကျေးဇူးတင်မခံရပါ။ မိမိမှာ အမြဲတမ်း သူများ နောက်မှလိုက်နေရပါမည်။ မိမိကြောင့်ပင် သူများက အကျိုးခံစားသွားရပါမည် ၊ အလုပ်ကို ပြတ်သားစွာ မလုပ်တတ်ပါ။ စိတ်ပျော့ညံ့သည် ၊ ဒုက္ခရောက်လျှင်လည်းကောင်း ၊ ပျော်ရွှင်လျှင်လည်းကောင်း ၊ ကံကြမ္မာကိုပုံချ၍ နေတတ်မည်။ မိမိက ကြိုးစားအားထုတ်မှုထက် ကံတရားကို ယုံကြည်တတ်မည်။ မိမိထံ ငွေအနည်းငယ်ရှိလျှင် အလုပ်လုပ်လိုစိတ် မရှိတတ်ပါ။

ယနေ့အတွက်သာ ပူတတ်ပြီး ၊ မနက်ဖြန် အတွက်ဂရုမစိုက်သူဖြစ်သည် ။ ဖြစ်လေရာ ဘဝ၌ ပျော်တတ်မည်။ ငွေကြေးထက် ပစ္စည်းဥစ္စာများ ပို၍ ချမ်းသာရတတ်သည် ။ လက်ထဲ ငွေရှိလျှင် အလကားနေရင်း အဟောသိကံ ကုန်နေပါမည်။ ပစ္စည်းတစ်ခုဝယ်ရန် လွယ်တတ်သော်လည်း ၊ မိမိပစ္စည်းကို ပြန်ရောင်းလျှင် အလွန်အခက်အခဲတွေ့ရတတ်မည်။ မိမိဝယ်ထားသော တန်ဖိုးကို မည်သည့် အခါမှ ပြန်မရတတ်ပါ။ အရှုံးဖြင့် အားနာပါးနာဖြင့်ရောင်းရတတ်မည်။ စကားပြောရာ၌ နူးညံ့သိမ့်မွေ့ပါသည် ။ ကြည့်လိုက်လျှင် မခုတ်တတ်သောကြောင်လို မှုန်ကုပ်ကုပ်နေတတ်သော်လည်း ၊ လက်တွေ့၌ အကွက်ကျကျ ပြောဆိုတတ်သည် ။

စကားပြောလိုက်လျှင် သူများကိုပိဿလေးဖြင့် ဘေးထုသလို ခံစားရမည်။ ပရိယာယ် ကြွယ်ဝသည် ။ စကားအရာ၌ သဘာဝအလျောက်ကျွမ်းကျင်သည် ။ အပြောအဆို လိမ္မာပါးနပ်၏။ မိမိမှာ ပညာရှိအမျက်အပြင်မထွက်ဆိုသလို အမြဲတမ်း ရယ်ရယ်မောမောဖြင့် သူများကို ပြောစရာ ရှိပြောမည်။ လက်စားချေစရာများ ချေမည်။ သူများ လိုဗြုန်းစားကြီး လက်စားမချေတတ်ပါ။ ဗြုန်းစားကြီး လုပ်ရလျှင်လည်း မိ

မိလိုရာ ရောက်မည် မဟုတ်ပါ။ မိမိမှာ အလုပ်တစ်ခုကို စိတ်ထက်ထက် သန်သန် လုပ်တတ်မည်။ စိတ်ပါ လက်ပါ လုပ်တတ်မည်။

မိမိလုပ်မည်ဟု ဆုံးဖြတ်ထားသော အလုပ်တစ်ခုကို အကျိုးရှိရှိ ၊ မရှိရှိ ၊ ရှုံးရှုံး မြတ်မြတ် လုပ်တတ်ပါသည် ။ မိမိမှာ သူများ အပြော မခံလိုတတ်ပါ။ သူများ မေးငေါ့မခံရအောင် ၊ သူများ မနှိမ်ရအောင် နေထိုင်တတ်မည်။ ကျေးဇူးသိတတ်မည် ၊ မိမိကို သူများက တစ်မတ်ဖိုး ကျေးဇူးပြုလျှင် မိမိက တစ်ကျပ်ဖိုး ကျေးဇူးဆပ်ရမှ ကျေနပ်ပါမည်။ လူတိုင်းနှင့် ခပ်တန်းတန်း နေမည်။ သို့သော် မိမိက ကျွေးစရာရှိလျှင် ကျွေးမည်။ မွေးစရာရှိလျှင် မွေးမည်။ စေတနာ ထက်သန်ပါသည် ။ လက်တွေ့သမားဖြစ်ပါသည် ။ မသိဘဲ ၊ မမြင်ဘဲ မယုံကြည်တတ်ပါ။ လူတစ်ဖက်သားကို အမြဲတမ်း မယုံသင်္ကာ ဖြစ်နေတတ်မည်။

မိမိကိုယ်မှ လွဲ၍ မည်သူ့ကိုမှ မယုံကြည်တတ်ပါ။ သို့သော် မိမိယုံကြည်မိလျှင် သူများ ထက်ပို၍ ယုံကြည်တတ်ပါသည် ။ ကျင်လည်ရာကို အမြဲတမ်း လုပ်ချင်မည်။ အသစ်အဆန်းများကို စိတ်ဝင်စားမှု မရှိတတ်ပါ။ မိမိတတ်သော အရာကိုသာ လေ့လာမည်။ မသိဘဲ ၊ မတတ်ဘဲ ထိုအလုပ်ကို မလုပ်တတ်ပါ။ သာမန်ရိုးရိုးသာ လုပ်တတ်မည်။ တီထွင်မှု ၊ ဆန်းသစ်မှု နည်းပါးမည်။ လုပ်သော အလုပ်တိုင်းမှာ သာမန်လူတိုင်း လုပ်နိုင်သော အလုပ်များ ဖြစ်သည် ။ သူများ အကျိုး မရှိသော အလုပ်များကို မိမိကလုပ်လျှင် အထူး အကျိုးရှိပါမည်။ မိမိကလည်း လုပ်တတ်ပါမည်။ လုပ်၍ အကျိုးခံစားရပါမည် ၊ လုပ်ပါ။

မာနကြီးပါသည် ၊ ဘဝင်မြင့်ခြင်းမဟုတ်ပါ။ တစ်ခုခုကို လုပ်လျှင်ဖြစ်ရမည် ဟူသော စိတ်ရှိသည် ။ သူများ ထံ အောက်ကျခံလိုစိတ်မရှိပါ။ ကိုယ့်ဖာသာ ကိုယ် ဗိုက်မှောက်နေချင်နေမည်။ သူများ ထံ လက်ဝါးဖြန့်

တောင်းလို စိတ်မရှိပါ။

လူတိုင်းအထင်အမြင်ကြီးအောင် ပြောဆိုလုပ်ကိုင်လိုသော ဝါသနာရှိသည် ။ အလုပ်တစ်ခုကို စိတ်ပျက်ပြီးမှ စိတ်ဓာတ်ကျပြီးမှ အောင်မြင်ပါမည်။

တစ်ခါတစ်ရံ လုပ်ရင်းတန်းလန်းနှင့် စိတ်ပျက်သွားမည်။ မလုပ်လိုဖြစ်မည်။ မကြာခဏ အစကောင်းသော်လည်း နောက်ပိုင်း၌ အဖျားရှူးသွားတတ်ပါမည်။ ဤသည် မှာ မိမိ၏ အကျင့်ပင်ဖြစ်သည် ။ မိမိက မလုပ်ခင် စိတ်ဓာတ်တက်ကြွပြီး လုပ်ရင်းနှင့် စိတ်ကုန်တတ်မှုများ မကြာခဏ ကြုံတွေ့ရမည်။ တစ်မျိုးမှာ မိမိအသုံးမကျ၍ ဖြစ်ရသော ပြဿနာနှင့် သူများကြောင့် ဖြစ်ရသော ပြဿနာများ ဖြစ်ပါသည် ။ သူများအတွက်ဆိုလျှင် အလွန်အနစ်နာအနွံတာခံမည်။ အများ အတွက် ဝန်ထမ်းလိုစိတ်ရှိသည် ။

မိမိဒုက္ခရောက်မည်ကို ဂရုမစိုက်တတ်ပါ။ သူများကို ကူညီရမည်ကိုသာ အဓိကထား တတ်မည်။ မိမိ၏ မိတ်ဆွေများမှာ များ သောအားဖြင့် ကောင်းသော်လည်း ၊ ဆန်ကောင်းမှာ ကြွက်ချေးရောဆိုသလို ဒုက္ခပေးမည့် မိတ်ဆွေများ လည်း ရှိတတ်ပါသည် ။ ညာစားမည်။ မိမိ ရှေ့တွင် မိမိကို အားရပါးရ ချီးကျူးဂုဏ်ပြုမည်။ နောက်ကွယ်၌ မကောင်းကြံမည် ၊ ချောက်တွန်းမည်။ ရှိတုန်း တစ်ပူးတွဲတွဲနေပြီး မရှိလျှင် အဝေးရှောင်ပြေးမည့် မိတ်ဆွေများ ရှိပါသည် ။ မိမိက ပရိယာယ်မပါ ၊ စေတနာ ဗလာအပြည့်ဖြင့် ကူညီတတ်သောကြောင့် မကြာခဏ သူများအတွက် ပြဿနာများ တက်ရမည် ၊ သတိထားပါ။

ဘဝတစ်လျှောက်လုံး၌ စုန်ချည်ဆန်ချည်နှင့် ကြုံတွေ့ရမည့် ဒုက္ခများကို ပြောပလောက်အောင် မကြီးကျယ်လင့်ကစား ၊ မိမိ၏ အနေအ

ထိုင် ၊ အပြောအဆို နားမလည်မှုကြောင့် အကျဉ်းအကြပ် အမျိုးမျိုးကို တွေ့ရပါမည်။ မိမိက သူများကို ဆရာလုပ်တတ်မည်။ ဩဇာပေးတတ်မည်။ နှိမ်၍ စီး၍ လူပါးဝ၍ ပြောမည်။ စကားကို အနိုင်ယူပြောမည်။ မည်သည့် ကိစ္စကိုမဆို စိတ်ဝင်စား၍ စပ်စုတတ်မည်။ မိမိကို မည်သူက မည်မျှ အမြင်ကပ်နေစေကာမူ မိမိ၏ စေတနာမှန်ဖြင့် ကူညီတတ်မည်။ ဩဇာပေးမည်။ မိမိမှာ ဖော်ရွေပါသည် ။ လူတစ်ဖက်သားကို စိတ်ချမ်းသာအောင် ပြောဆိုတတ်ပါမည်။ လုပ်ကိုင်တတ်ပါသည် ။ မိမိကို မတရားလုပ်လျှင် ပထမငြိမ်ခံနေမည် ၊ မိမိပြန်လုပ်သောအခါ အလွန်အကျူး ဖြစ်သွားမည်။ မိမိက နောက်ကျော ဓားနှင့်ထိုးလိုသူ ဖြစ်မည်။

ပင်ကိုယ်ဗီဇမှာ အေးအေးရိုးရိုးနှင့် တည်ကြည်စွာ နေတတ်သော်လည်း အပြင်ပန်း အနေနှင့် သွက်လက်ချက်ချာပါမည်။ အုပ်ချုပ်ကွပ်ကဲမှုကောင်းသည် ၊ လူကြီးသူကြီး ဖြစ်နိုင်မည်။ ခေါင်းဆောင်ဖြစ်နိုင်မည်။ လူတစ်ဖက်သားကို မိမိဘက်ပါအောင် စည်းရုံးနိုင်စွမ်းရှိမည်။ လူတစ်ဖက်သားနားလည်အောင် ၊ သဘောပေါက်အောင် ၊ ကျေအောင်ပြောဆိုနိုင်စွမ်းပါသည် ၊ တစ်ခါ တစ်ရံ စိတ်ကူးယဉ်ပြီး ၊ တစ်ခါတစ်ရံ လက်တွေ့ဆန်မည်။ အလှအပကို သဘောကျမည် ၊ နုသော အရောင်အသွေးကို နှစ်ခြိုက်မည်။ သေသပ်မှုကို ကြိုက်နှစ်သက်မည် ၊ ကိုယ့်ကိုယ်ကို အလွန်ဂရုစိုက်မည်။ အဝတ်အစား ၊ အနေအထိုင် ၊ အစားအသောက်ကအစ သေသေချာချာ ဂရုစိုက်ပါမည်။ ထို့ကြောင့် မြင်သူတိုင်းသဘောကျတတ်မည်။ ငယ်စဉ်အခါက ကျန်းမာရေး ချို့တဲ့ တတ်မည် ၊ ချူချာမည် ၊ မကြာခဏ ဖျားနာတတ်မည်။ အသက် ( ၉ ) နှစ်အထိ ဆက်တိုက် ကျန်းမာရေး ချို့တဲ့ တတ်မည်။ အလုပ်ကို မည်မျှအပင်ပန်းခံ လုပ်သော်လည်း ထင်သလောက် အကျိုးမရှိတတ်ပါ။ စိတ်ထက်ထက်သန်သန် လုပ်တတ်မည်။ လုပ်သမျှတို့ ၌ စိတ်ကုန်ပြီး ၊ စိတ်ပျက်ပြီးမှ အောင်မြင်ပါမည်။

အောင်မြင်သော အခါ၌ လည်း သူများ အံ့ဩသင့်အောင် ထွန်းကားနိုင်သော ကံဇာတာပါပါသည် ။ ငွေကြေးတွင် ကပ်စေးနဲမည်။ စေးကုပ်မည် ၊ စည်းနှင့်ကမ်းနှင့်သုံးမည်။ သို့သော် အဟောသိကံ ငွေကုန်ကျေးကြများ တတ်ပါသည် ။ ငွေစုလိုသော်လည်း မစုနိုင်ပါ။ ငွေနှင့်နီးသော ကံဇာတာပါပါသည် ။ မကြာခဏ ငွေရမည်။ လာဘ်ရွှင်မည် ၊သူများကငွေယူပါ ၊ အလုပ်လုပ်ပါ ၊ စပ်တူလုပ်ပါဟူ၍ ငွေကြေးအကူအညီများ ပေးတတ်မည်။ သို့သော် မိမိက မယူတတ်ပါ ၊ ကြွေးကြော်တတ်မည်။ တစ်သက်လုံး ကြွေးမကင်းတတ်ပါ ၊ သူများ လို လက်လွတ် ငွေမပေးရ ၊ ပေးလျှင်လည်း ပြန်မရတတ်ပါ။

အလွန် အားနာတတ်သည် ၊ သုံးလေးခါ တောင်း၍ ပြန်မရလျှင် မိမိကံဟူ၍ စိတ်က ကံတရားကို ရိုးမယ်ဖွဲ့တတ်ပါသည် ။ သူများ အတွက် တာဝန်မခံရ ၊ ခံဝန်ခံတမ်း မလုပ်ရ ၊ နောက်ဆုံး ပြဿနာဖြစ်နေရပါမည်။ လူများ နှင့် ကင်းကင်းရှင်းရှင်း နေလိုသော်လည်း အမြဲတမ်း ရောရောနှောနှော နေရပါမည်။ မိမိမှာ ကြိုးစားစိတ်ရှိသည် ၊ အပင်ပန်းခံသည် ၊ ဝီရိယတရားနှင့် ပြည့်စုံသည် ။ "ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈိ တိ" ( ဝီရိယရှိသောသူသည် မည်သည့် ကိစ္စကို မပြီးဘဲရှိမည်နည်း ) ဟူသော စကားလို မိမိ၏ ပင်ပန်းရကျိုး ၊ ကြိုးစားရကျိုး ၊ အနစ်နာခံရကျိုး နပ်ပါမည်။ အရာရာကို စည်းနှင့်ကမ်းနှင့် နေချင်မည်။ နေရသော ကံဇာတာလည်း ပါပါသည် ။ အလုပ်အကိုင်၌ စပ်တူ လုပ်ကိုင်လိုလျှင်လည်းကောင်း ၊ အတူလုပ်ကိုင်လိုလျှင်လည်းကောင်း ငွေကြေးအကူအညီတောင်းလိုလျှင်လည်းကောင်း ၊ ( တနင်္ဂနွေ ၊ ဗုဒ္ဓဟူး ၊ စနေ ) သားသမီးများ နှင့် ၎င်းနံပါသော အမည်ရှင်များ နှင့် အလုပ်လုပ်ပါ ၊ မိမိအတွက် အကျိုးရှိမည်။ မိမိအပေါ် စေတနာ အပြည့်အဝထားမည်။ ကျန်နေ့ သားသမီးများက မိမိကို အထင်အမြင်ကြီးသော်လည်း ၊ ခိုင်းကောင်း၍ သာ

ခိုင်းနေတတ်မည်။ လက်တွေ့ လုပ်သောအခါ အကျိုးအမြတ် ခံစားစရာ များကို မိမိထက် သူများကရယူသွားပါသည် ။

အိမ်ထောင်ရေးနှင့် ပတ်သက်၍ ကောင်းပါသည် ။ အိမ်ထောင်ဘက်မှာ မိမိထက် ချောမည် ၊ လှမည်၊ ယဉ်မည်၊ သဘောကောင်း၊ စေတနာကောင်းမည်၊ အပြောအဆို ယဉ်ကျေးမည်၊ မိမိအပေါ် အထူး အနစ်နာခံမည်။ အနွံတာ ခံလိမ့်မည်။ လိုက်လျောမည်။ မိမိကို ချစ်မည်၊ ခင်မည်၊ ကြင်နာမည်၊ မြတ်နိုးမည်၊ တွယ်တာမည်၊ သဒ္ဓါမည်၊ မိမိမျက်နှာ ညိုးလျှင် မနေနိုင်မထိုင်နိုင်ဖြစ်မည်။ မိမိမှာ အပြင်ဘက်၌ မိန်းမက နိုင်သည်ဟု ထင်သော်လည်း လက်တွေ့၌ မိမိကသာ မိန်းမကို နိုင်နေမည်။ မိမိက မိန်းမကို အထူးအလိုလိုက်မည်၊ လိုက်လျောမည်၊ မိန်းမမျက်နှာညှိုးလျှင် မနေနိုင်မထိုင်နိုင်ဖြစ်မည်။

မိန်းမကလည်း မိမိအပေါ် အထူးလိုက်လျောမည်။ မိမိအကြိုက် လိုက်လျောမည်။ မိမိတို့ မှာ မကြာခဏ တစ်ကျက်ကျက် စကားများ တတ်ပါသည် ။ စကားများ လည်း ခဏသာဖြစ်မည်။ တစ်ယောက်ကိုတစ်ယောက် အနိုင်ယူတတ်သဖြင့် ခဏသာအနိုင်ယူရင်း တစ်ကျက်ကျက်ဖြစ်ခြင်း ဖြစ်ပါမည်။ တစ်ယောက်စိတ်ကောက်နေလျှင် တစ်ယောက်အမြဲလိုက်လျောမည်။ ပထမ၌ ဟန်နှင့် နေသော်လည်း မိန်းမမျက်နှာညှိုးလျှင် မျက်ရည်ကျလျှင် မနေနိုင်မထိုင်နိုင်ဖြစ်မည်။

အမှန်မှာ မိန်းမကို သနားကြင်နာ၍ အထူးအသည်းနစ်အောင် ချစ်သောကြောင့်ဖြစ်သည် ။ မိန်းမမှာ မိမိအတွက် အဖိုးတန်ပါမည်။ အရာရာ၌ အကူအညီရမည်၊ ဆိုးတူကောင်းဖက် တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်မည်။ မိမိကလည်း မိန်းမစကား ကိုလိုက်လျော နားထောင်တတ်သလို၊ မိန်းမကလည်း မိမိစကားကို နားထောင်ပါမည်။ မိမိက မှားလျှင်လည်း

အမှန်တရားကို တွေ့မြင်လာအောင် အကူအညီပေးပါမည်။ မိမိကို ပဲ့ပြင်သွန်သင် ဆုံးမရပါမည်။ မိမိ၏ မိန်းမက အလွန် အလုပ်လုပ်ချင်မည်။ အလွန်အစွမ်းပြချင်မည်။ မိမိကို ကူညီလိုမည်။ သို့သော် မိမိက သဘောမကျတတ်ပါ။ မိမိမိန်းမ အထင်သေးသည် ။ မိမိ၏ မိန်းမမှာ ရိုးရိုးနေသည် ။ အေးအေးနေရမည်။ ဟေးလားဝါးလား မလုပ်တတ်ပါ။ ကလေးကလား မနေတတ်ပါ။ ကလက်တက်တက် မလုပ်တတ်ပါ။ ထို့ကြောင့် မိမိက မိန်းမကို အထင်သေးနေခြင်း ဖြစ်ပါသည် ။ မိမိမိန်းမက အလွန် လျင်မြန်သည် ။ နားလည်သည် ၊ သဘောပေါက်လွယ်သည် ၊ ပါးနပ်သည် ၊ တစ်ထွာပြလျှင် တစ်တောင်လောက် မြင်နိုင်သော အစွမ်းရှိသည် ။ မိမိဘဝ၌ တစ်ကြိမ်တစ်ခါ ကွဲရတတ်သည် ။ ကွဲရမည်မှာ မိမိကြောင့်ဖြစ်သည် ။ မိမိမှာ အထူး မယုံသင်္ကာ ဖြစ်တတ်မည်။ မိန်းမကို အခြားယောကျ်ားများ နှင့် စွပ်စွဲ ပြောဆိုတတ်မည်။ မိမိမိန်းမမှာ အလွန်တည်ကြည်ပါသည် ။ ယောကျ်ားများကို အထင်သေး ပါသည် ။ လက်တွေ့မယုံကြည်ရသူမှာ မိမိသာ ဖြစ်သည် ။ မိမိသာလျှင် အခွင့်ကောင်း၊ အခါကောင်း ရလျှင် မိန်းမယူလိုစိတ်ရှိသည် ။ မိမိကံဇာတာမှာ လည်း မိန်းမစန်းပွင့်လာသည် ။ မိန်းမများကို မစဘဲ မိမိကိုလိုက်မည်။ မကြာခဏ ရည်းစားများ တွေ့ရသည် ။

အလုပ်အကိုင်၌ ထက်ထက်မြက်မြက် လုပ်မည်၊ ရှေ့တန်းကလုပ်မည်၊ အပင်ပန်းခံမည်၊ မိမိက လက်ရှိအခြေအနေထက် ပို၍ ပို၍ တိုးတက်အောင်ကြိုးစားမည်။ ကြိုးစားသလိုလည်း အောင်မြင်ပါမည်။

*